*ကလေးများနှင့် ငယ်ရွယ်သော သူများတွင် ပြင်းထန်၍ နာတာရှည် ရောဂါအခြေအနေရှိသောအခါတွင် သူတို့ကို ထိရောက်စွာစီစဉ်မှု ပြု လုပ်နိုင်ရန် ကျောင်းတွင် ဆေးကုသပေးခြင်းကို ပြု လုပ်ရန် လိုအပ်ပါသည်၊*

**"ဆေး" ဆိုလိုရင်းမှာ ဆေးများအားလုံးကို ဆိုလိုပါသည်၊ ဆရာဝန်ညွှန်ကြားသောဆေးအပြင် ဆေးဆိုင်တွင် ဝယ်ယူ၍ ရနိုင်သော ဆေးများပါ အပါအဝင်ဖြစ်ပါသည်၊** ဖြစ်နိုင်ပါက မိဘများနှင့် ဆရာဝန်တို့အား ဆေးကို ကျောင်းချိန်အတွင်း မဟုတ်သော အချိန်များတွင် သုံးဆောင်ကြပါရန် တောင်းဆိုပါသည်၊ ဆရာဝန်၏ ရေးသားထားသော ဆေးညွှန်း ကြားချက်အရ ကျောင်းချိန်အတွင်းမဖြစ်မနေ သုံးဆောင်ရန် လိုအပ်ချက်မှတပါး ဆေးကို တရက်တွင်တကြိမ်သော်၄င်း၊ နှစ် ကြိမ်(သို့) သုံးကြိမ်သောက်ရန်လိုအပ်သော ဆေးကို အိမ်တွင် သုံးဆောင်နိုင်ပါသည်၊

ဆရာဝန်လက်မှက်ထိုး၍ညွှန်ကြားချက်၊အမေရိကန်ပြည်ထောင်စုတွင် လုပ်ကိုင်ခွင့်ရထားသော သွားဆရာဝန်၊ သူနာပြုဆရာမတို့သည် ဆေးဥပမာများကို မဖြစ်မနေပါရှိရန်နှင့် ဆေးတွင် ကျောင်း သား၏နာမည် သောက်ရမည်ဆေးအရေအတွက်နှင့် သောက်ရမည်အချိန်တို့ကို မဖြစ်မနေ ဖော်ပြရန်လိုအပ် ပါ သည်၊



ဆေး၏တပတ်စာကိုသာ ပို့ဆောင်ပေးပါ၊ ပိုင်းဖြက်ရန်လိုအပ်သောဆေးများကို ကျောင်းသို့ မပို့မှီတွင် ပိုင်းဖြက်ပြီးမှ ကျောင်းသို့ပို့ဆောင် ပေးပါ၊

ရှုသွင်းရန်လိုအပ်သောဆေးတောင့်၊ ဆေးဘူးအပြည်ကို ကျောင်းဖွင့်သောနစ်စ တွင်ပေးပါ၊ ထိုကဲ့သို့ပြု လုပ်ခြင်းသည် ကျန်ရှိသော ဆေး အရေအတွက်ကို တွက်ချက်ရာတွင် လွယ်ကူ မှု့ကို ဖြစ်စေပါသည်၊

မူးယစ်ထုံထိုင်းတွေဝေစေနိုင်သောဆေးများကို ကျောင်းတွင်လုံခြုံ မှုမပေးနိုင်သောကြောင့် သုံး ဆောင်ခွင့်မပြု ပါ၊ ကျောင်းသား၊သူသည် ထိခိုက်ဒဏ်ရာရပြီးနောက်(သို့) ခွဲစိတ်ကုသပြီး နောက်တွင် နာကျင်မှု့ကိုထိမ်းချုပ်နိုင်ရန် Tylenol (သို့) Advil တို့ကို ကျောင်း သားသည် အိမ်တွင်သုံးဆောင်၍အနားယူပါ၊

သင်တို့၏ဆေးပေးဝေသောသူသည် ဆေးဘူးတွင် "SCHOOL BOTTLE" ဆိုသည့် သင့်လျော်သော အမှက်အသားကို ပြု လုပ်ရန်တောင်းဆိုပါသည်၊



ကျောင်းသို့ပို့ဆောင်သော ဆေးများအား လုံးတွင် ဆေးသက်တန်းကုန်ဆုံးမည့်ရက်ကို သေချာစွာကြည့်ရှုကြပါ၊

မေးခွန်း(သို့) အကြောင်းကြားစရာရှိပါက သင်တို့၏ကျောင်းသူနာပြုဆရာမနှင့်ဆက်သွယ်ပါ၊

FWCS-lls 2005-2006

# FWCS

## ဆေးများကို ကျောင်းတွင် စီစဉ်ဆောင်ရွတ်ပေးခြင်း

*(မိဘများလမ်းညွှန်)*



ကျမ်းမာရေးလုပ်ငန်းဌာန

# FWCS  Medication Procedure

## <u>FWCS ဆေးနှင့်ပက်သက်၍လုပ်ဆောင်ခြင်း</u>

### <u>ဆေးများကို စီမံခန့်ခွဲခြင်းမပြု လုပ်မီ အောက်တွင်ပါရှိသော လိုအပ်ချက်များကို မဖြစ်မနေ ပြု လုပ်ရပါမည်၊</u>

1. ကျောင်းတွင် ဆေးကို စီမံခန့်ခွဲရန် အာမခံချက်ပြု လုပ်ခြင်း၊ " *<u>မိဘ(သို့ )အုပ်ထိမ်းသူသည် ဆေးတမျိုးဆီကို လက်မှက်ရေးထိုးပြီး ကျောင်းတွင် စာရင်းပြု လုပ်ရန် မဖြစ်မနေ လိုအပ်ပါသည်၊</u>*(ကျောင်းနှစ်သစ်တိုင်းတွင်ပြု လုပ်ပါ).

2. ဆေးများအားလုံးသည် ဆေးဘူးတွင် မူလအရင်းဖြစ်သော အမှက်တဆိပ် မဖြစ်မနေ ပါရှိရလိမ့်မည်၊(ဆေးတောင့်များ ရှိသောဘူးများပါဝင်ပါသည်)၊ဆေးတွင် ကျောင်းသား၏ နာမည် ဆေးနာမည် ဆေးပေးဝေရန်ညွှန်ကြားချက်တို့ ကို အမေရိကန် ပြည်ထောင်စုတွင် ခွင့်ပြု ချက်ရထားသော သူနာပြု ဆရာမ (သို့ ) သွားဆရာဝန်နှင့် ဆရာဝန်၏ စာနင့်ရေးသားဖော်ပြချက် တို့ လိုအပ်ပါသည်၊ ဆေးဘူးတွင် ဖော်ပြချက်သည် ဆရာဝန်၏ ဖော်ပြချက်နှင့် ပြည့်စုံတိကျမှုရှိရန် လိုအပ်ပါသည်၊

3. ဆေးများကို ကျောင်းသို့ လုံခြုံ စိတ်ချစွာ သယ်ယူပို့ ဆောင် ပေးရန်မှာ **<u>မိဘ(သို့ ) အုပ်ထိမ်းသူတို့ ၏ တာဝန်ဖြစ်ပါသည်၊</u>** အကယ်၍ဆေးသည် ဆေးသစ်ဖြစ်ပါက ဆေး၏တန်ပြန်မှု့ ကို လေ့လာသိရှိနိုင်ရန် ပထမဆုံးဆေးခွက်ကို အိမ်တွင်တိုက်ပါ၊

4. အကယ်၍ ပန်းနာရင်ကျပ်ဖြစ်နေသော ကျောင်းသားအတွက် အကောင်းဆုံးဖြစ်ရန်(သို့ ) အခြားသော အသက်အန္တ ရယ်ရှိ သောရောဂါတို့ တွင် မိဘများ၊ ဆရာဝန်များ၊ ကျောင်းအုပ်နှင့် သူနာပြု ဆရာမတို့ ၏ဆုံးဖြက်ချက်ဖြင့် ကျောင်းသား၊သူသည် ဆေးကို ကိုယ်တိုင် သယ်ယူသုံးဆောင်နိုင်ရန် သုံးဆောင်ခွင့် ပြု သည်ပုံစံကို မိဘ(သို့ ) အုပ်ထိမ်းသူကဖြည့်စွက်ရန် လိုပါသည်၊ FWCS ဘုတ်အဖွဲ့နှင့် ဝန်ထမ်းများတို့ တွင် တမင်တကာပြု လုပ်ခြင်း၊ စည်းကမ်းမဲ့စွာ ပြု လုပ်ခြင်းတို့ မှ တပါးကျောင်းသူနာပြု ဆရာမ၏ထိမ်းသိမ်းစောင့်ရှောက်မှု့ မပါဘဲ ကျောင်းသားသည် ကိုယ်တိုင်ကိုယ်ကျ ဆေးကိုသောက် ခြင်းမှအန္တရယ်ဖြစ်လာခြင်းတို့ ကို တာဝန်ခံခြင်းတာဝန်ယူခြင်း တို့ ကိုမပြု လုပ်ပါ၊

5. ဆေးနှင့်ပက်သက်သော ထောက်ပံ့မှု့ ရရှိရန် အထူးခွင့်ပြု ချက်ကို မိဘ(သို့ ) တရားဝင်အုပ်ထိမ်းသူနှင့် အမေရိကန်ပြည်ထောင်စုတွင်လုပ်ဆောင်ခွင့် လိုင်စင်ခွင့်ပြု ချက်ရထားသော သူကမဖြစ်မနေလက်မှက်ထိုးရန်လိုအပ်ပါသည်၊

6. ဆေးဆိုင်ပေါ်တွင် ရရှိသောဆေးတွင် အသက်အရွယ်နှင့် မကြာခန သောက်ရမည့် အရေအတွက် တို့ ကိုတိကျစွာ ပြု လုပ်ရန်လိုအပ်ပါသည် သောက်သုံးရန်လိုအပ်သောဆေး(သို့ ) မကြာခန သောက်ရန်လိုအပ်သေဆေးသည် ဆရာဝန်၏ မဖြစ်မနေ စာဖြင့်ပူးတွဲရေးသားထားသည် ကျောင်းတွင်မကြာခနသောက်ရန်နှင့် အရေအတွက်တို့ ကို ဖော်ပြရန် လိုအပ်ပါသည်၊ (Fax နှင့်ပို့ ၍လဲ ရနိုင်ပါသည်)

7. ထိုးသွင်းယူရမည့်ဆေးများကို ကျောင်းသို့ ယူဆောင်မလာခင်တွင် သူနာပြု ဆရာမနှင့် မဖြစ်မနေ ဆွေးနွေးတိုင်ပင်ရန်လိုအပ်ပြီး နောက် ထပ်လျှောက်လွှာပုံစံများကို မဖြစ်မနေ ဖြည့်စွက်ရန် လိုအပ်ပါသည်၊ ဆရာဝန်သည် လျှောက်လွှာပုံစံပေါ်တွင် လက်မှက်ရေးထိုးရန်လိုအပ်ပါသည်၊

8. ကျောင်းသူနာပြု ဆရာမကလွဲပြီး၊ သင့်လျှော်သောသင်တန်းကိုရရှိထားသောဝန်ထမ်းမှတပါး မည်သည်ကျောင်းဝန်ထမ်းကမှ ဆေးထိုးပေးရလိမ့်မည်မဟုတ်ပါ၊

9. <u>ကျောင်းနှစ်ကုန်ဆုံးချိန်တွင် မိဘ(သို့ ) အုပ်ထိမ်းသူသည် ကျန်ရှိနေသော  ဆေးများကို လာရောက်၍ မတောင်းယူပါက ဆေးများအားစွန့် ပြစ်ခြင်းကို ပြု လုပ်ပါလိမ့်မည်၊</u>

10. အကယ်၍ ကျောင်းသားမိဘသည် ကျောင်းသားကဆေးကိုရပိုင်ယူခွင့်ကိုစာဖြင့်ရေးသား၍ ခွင့်ပြု ချက်ပြု လုပ်ပေးပါက ကျောင်းသည် ကျောင်းချိန်အတွင်း ကျောင်းတွင်ရှိနေသောဆေးကို ကျောင်းသားနှင့်အိမ်သို့ ပြန်ပို့ ဆောင်ပေးပါလိမ့်မည်၊ (Indiana Code, July 1,2005) အရ ကျောင်းချိန်အတွင်း ကျောင်းသားအတွက်ကျောင်းတွင် စီမံခန့်ခွဲရန်ပြု လုပ်ထားသည့်ဆေးကို ကျောင်းတွင် ကျောင်းသား၏မိဘ(သို့ ) ဆယ်ရှစ်နှစ်ပြည့်ပြီးသောသူ(သို့ ) ဆေးကို ကျောင်းသားကလက်ခံ ရယူစေနိုင်သည့် မိဘ၏စာဖြင့်ရေး၍တောင်းဆိုခြင်းပြု လုပ်နိုင်ပါသည်၊

11. အကယ်၍ လိုအပ်သော အချက် 1 နှင့် 2 တို့ ကိုမရရှိခဲ့ပါက မိဘ(သို့ ) အုပ်ထိမ်းသူသည် သူတို့ ၏ကလေးကို ဆေးသုံးဆောင်စေလိုပါက မိဘ (သို့ ) အုပ်ထိမ်းသူသည် ကျောင်းရုံးခန်း (သို့ ) ဆေးခန်းသို့ လာရောက်၍ဆေးကိုကိုယ်တိုင်တိုက်နိုင်ပါသည်၊



အကြောင်းကြားစရာများရှိပါက ကျေးဇူးပြု ၍ သင်တို့ ၏ကျောင်းသူနာပြု ဆရာမနှင့် ဆက်သွယ်ပါ၊

______________________________

ဖုံးနံပါတ် ______________________